# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၆)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၇ ရက်အထိ)

### ■ သေဆုံးခဲ့သူ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၇ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူအရေအတွက်မှာ ၆၁၄ ဦးထက် မနည်း ရှိလာခဲ့ပြီဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ဧပြီ ၈ ရက်အထိ ပြုစုခဲ့သော မှတ်တမ်းများအရ အချက်အလက်ရရှိသူ ၅၉၁ ဦး ရှိပါသည်။ ယခုကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူ အမြောက်အမြား ရှိနိုင်ပါသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁ ရက်အတွင်း သေဆုံးခဲ့ရသူ ၅၄၃ ကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၄ ကိုရှု)** မှ ယခု ၆၁၄ ကျော် ဖြစ်လာသည့်အတွက် **တပတ်အတွင်း သေဆုံးသူ ၇၁ ဦး တိုးလာ**ခဲ့ခြင်းဖြစ်သည်။ **ယခုစာရင်းတွင် ဧပြီ ၉ ရက်(ယနေ့)၌ သေဆုံးခဲ့ရသူများ ပါဝင်ခြင်းမရှိသေးပါ။ မီဒီယာများ၏ ဖော်ပြချက်အရ ယနေ့ တရက်တည်းမှာပင် ပဲခူးမြို့၌ သေဆုံးသူ ၄၀ ဦးထက်မနည်း ရှိခဲ့ကြောင်း သိရသည်။**


## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၆)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၇ ရက်အထိ)

### စစ်ကိုင်းတိုင်း၌ သေဆုံးရသူ များလာ

ယခုတပတ်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများကြောင့် သေဆုံးခဲ့ရသူ ၇၁ ဦး ကျော်အနက် ၃၅ ဦးကျော်မှာ စစ်ကိုင်းတိုင်းမှ ဖြစ်ပါသည်။ ကလေးမြို့တွင် ၁၃ ဦး သေဆုံးခဲ့ပြီး၊ တန့်ဆည်မြို့တွင် ၁၂ ဦး ရှိခဲ့သည်။ မုံရွာတွင် သုံးဦး၊ ပင်လယ်ဘူးတွင် နှစ်ဦး၊ ယင်းမာပင်တွင် နှစ်ဦး၊ အင်းတော်၊ ရွှေဘိုနှင့် တမူးတို့တွင် တဦးစီ သေဆုံးခဲ့ရပါသည်။ သေဆုံးရသူအများစုမှာ ဧပြီ ၇ ရက်က ပစ်ခတ်မှုများကြောင့်ဖြစ်သည်။ **ယခုစာရင်းတွင် ဧပြီ ၉ ရက်(ယနေ့)၌ သေဆုံးခဲ့ရသူများ ပါဝင်ခြင်းမရှိသေးပါ။ မီဒီယာများ၏ ဖော်ပြချက်အရ ယနေ့တရက်တည်းမှာပင် ပဲခူးမြို့၌ သေဆုံးသူ ၄၀ ဦး ထက်မနည်းရှိခဲ့ကြောင်း သိရသည်။**





ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၆)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၇ ရက်အထိ)

**■ သေဆုံးခဲ့ရသော အသက်အုပ်စု**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၇ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၆၁၄ ဦးကျော်အနက် အသက် အတိအကျသိရှိရသူ ၄၇၂ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း သေဆုံးရသူအရေအတွက်က အများဆုံးဖြစ်သည်။ အသက် ၁၈ နှစ်အောက် သေဆုံးရသူ ၄၈ ဦး ရှိလာသည်။ အသက် အတိအကျမသိရသူ ၁၄၂ ဦး ရှိပါသည်။ **ယခုစာရင်းတွင် ဧပြီ ၉ ရက်(ယနေ့)၌ သေဆုံးခဲ့ရသူများ ပါဝင်ခြင်းမရှိသေးပါ။ မီဒီယာများ၏ ဖော်ပြချက်အရ ယနေ့တရက်တည်းမှာပင် ပဲခူးမြို့၌ သေဆုံးသူ ၄၀ ဦးထက်မနည်း ရှိခဲ့ကြောင်း သိရသည်။**

ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၆)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၇ ရက်အထိ)

**ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်**

၉၂+

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၇ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၆၁၄ ဦးကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၉၂ ဦးထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁ ရက်အတွင်း သေဆုံးခဲ့ရသူ ၅၄၃ ကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၈၀ ဦးကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၄ ကိုရှု**) ရှိခဲ့ရာမှ ယခု ၉၂ ဦးကျော် ဖြစ်လာခဲ့သည်။ သေဆုံးခဲ့ရသူများအနက် ၁၅ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ရသူများ ဖြစ်ခဲ့သည်။ **ယခုစာရင်းတွင် ဧပြီ ၉ ရက်(ယနေ့)၌ သေဆုံးခဲ့ရသူများ ပါဝင်ခြင်းမရှိသေးပါ။ မီဒီယာများ၏ ဖော်ပြချက်အရ ယနေ့တရက်တည်းမှာပင် ပဲခူးမြို့၌ သေဆုံးသူ ၄၀ ဦးထက်မနည်း ရှိခဲ့ကြောင်း သိရသည်။**


ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၆)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၇ ရက်အထိ)

**သေဆုံးခဲ့သော ကျား၊ မ အရေအတွက်**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၇ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၆၁၄ ဦးကျော်အနက် (ကျား-မ အတိအကျသိရှိရသော စာရင်းများအရ) ၅၅၁ ဦးသည် အမျိုးသားများဖြစ်ပြီး ၄၀ ဦးမှာ အမျိုးသမီးများ ဖြစ်သည်။ ကျန် ၂၃ ဦးမှာ အတိအကျ မသိရှိရသေးပေ။ **ယခုစာရင်းတွင် ဧပြီ ၉ ရက်(ယနေ့)၌ သေဆုံးခဲ့ရသူများ ပါဝင်ခြင်းမရှိသေးပါ။ မီဒီယာများ၏ ဖော်ပြချက်အရ ယနေ့တရက်တည်းမှာပင် ပဲခူးမြို့၌ သေဆုံးသူ ၄၀ ဦးထက်မနည်း ရှိခဲ့ကြောင်းသိရသည်။**

ISP-MYANMAR
www.ISPMyanmar.com


# WHAT MATTERS

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၆)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၇ ရက်အထိ)

■ **သေဆုံးခဲ့ရသော ဒေသများ**




ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၇ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၆၁၄ ဦးကျော် အနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မပါဝင်ဘဲ ကျန်ရှိမှုများရှိနိုင်ပါသည်။ **ယခုစာရင်းတွင် ဧပြီ ၉ ရက်(ယနေ့)၌ သေဆုံးခဲ့ရသူများ ပါဝင်ခြင်းမရှိသေးပါ။ မီဒီယာများ၏ဖော်ပြချက်အရ ယနေ့ တရက်တည်းမှာပင် ပဲခူးမြို့၌ သေဆုံးသူ ၄၀ ဦး ထက်မနည်းရှိခဲ့ကြောင်း သိရသည်။**